အေးရွာကျေးရွာ

ကူးတို့ဆိပ်အုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အေးရွာကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | အေးရွာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၃ |
| | အေးရွာကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| ၁။ | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၆ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ |
| ၄။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉ |
| | (င) ပညာရေး | ၉ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဇ) ကျား – မ ရေးရာ | ၁၁ |
| ၅။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၂ |
| နောက်ဆက်တွဲများ | | |
| နောက်ဆက်တွဲ(၁) | – ဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၃ |
| နောက်ဆက်တွဲ(၂) | – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂

ဤအစီအစဥ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဥ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဥ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အေးရွာကျေးရွာ
ဇလွန်မြို့နယ်

## အေးရွာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



## အေးရွာကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်

| အကြောင်းအရာ | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | အပူရှိန်မြ | အပူရှိန်မြ | မိုးရွာ | မိုးရွာ | မိုးရွာ | မိုးရွာ၊နေပူ | မိုးအနည်းငယ်ရွာ | မိုးရွာ၊နေသာ | နေသာ နှင်းကျ | နေသာ နှင်းကျ | ပူနိုက် | အပူရှိန်မြ |
| စိုက်ပျိုးရေး (တိုင်း၊ ကျွန်း) | ပြောင်းသိမ်း | ပြောင်းသိမ်း | - | - | - | ပဲကျဲ | ပဲကျဲ ပြောင်းစိုက် | ပဲအေးပြုစု ပြောင်းစိုက် | ပဲအေးပြုစု ပြောင်းရေသွင်း | ပဲသိမ်း ပြောင်းရေသွင်း | ပဲသိမ်း ပြောင်းရေသွင်း | ပြောင်းသိမ်း |
| ရောဂါ | အပူဖျား ဝမ်းပျက် ဝမ်းလျှော | - | - | တုပ်ကွေး | သွေးလွန်တုပ်ကွေး | နှာစေး ချောင်းဆိုး | - | - | - | နှာစေး ချောင်းဆိုး | နှာစေး ချောင်းဆိုး | အပူဖျား ဝမ်းပျက် ဝမ်းလျှော |
| အလုပ်အကိုင် | အလွန်ကောင်း | အနည်းငယ်ကျား | အနည်းငယ်ကျား | အလုပ်ပါး | အလုပ်ပါး | အလုပ်ကောင်း | အလွန်ကောင်း | အလွန်ကောင်း | အလွန်ကောင်း | အလွန်ကောင်း | အလွန်ကောင်း | အလွန်ကောင်း |
| ဝင်ငွေ/ထွက်ငွေ | | | | | | | | | | | | |
| ပွဲတော် | သင်္ကြန်ပွဲတော် | ညောင်ရေသွန်းပွဲ | [illegible] တရားဟောခန်း | ဝါဆိုသင်္ကန်း ကပ်လှူပွဲ | [illegible] [illegible] | လှေပြိုင်ပွဲ | မီးထွန်းပွဲ | ကထိန်ပွဲ မီးထွန်း ဈေးပွဲတော် | - | ပဒ္ဒါန်းပွဲ | ထမနဲပွဲ | ဘုရားပွဲ ပဒ္ဒါန်းပွဲ |
| စိုက်ပျိုးရေး (မြေ) | ငရုပ်ရှူး အထွက်ပေါ | - | - | - | ပျိုးပင် ပျိုး | ငရုပ်/ ဂေါ်ဖီ စိုက်ပျိုး | ငရုပ်/ ဂေါ်ဖီ စိုက်ပျိုး | ရေသွင်း မြေပြင် | ရေသွင်း မြေပြင် | ငရုပ်ရှူး ဂေါ်ဖီခူတ် အထွက်သင့် | ငရုပ်ရှူး ဂေါ်ဖီခူတ် အထွက်သင့် | ငရုပ်ရှူး အထွက် ပေါ |

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည့်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက် အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်း မှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ် သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ အေးရွာကျေးရွာသည် ဇလွန်မြို့၏အရှေ့ဘက်ခြမ်း ရေဝတီမြစ် ကမ်းဘေးတွင် တည်ရှိပါသည်။ ကျေးရွာနှင့်မြို့၏အကွာအဝေးမှာ (၅)မိုင်ခန့်ရှိပြီး သွားလာဆက် သွယ်ရေးမှာ ရေကြောင်းမှ စက်လှေ၊ မော်တော်များနှင့် သွားလာရပြီး အနည်းငယ်ခက်ခဲမှုတော့ ရှိပါ သည်။ ကျေးရွာမှာ မြေပြန့်ဒေသဖြစ်၍ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ (၄၀)လက်မအထက်ရှိပြီး မိုးရာသီ တွင် စိုက်ပျိုးသောသီးနှံအတွက် မိုးရေဖြင့်လုံလောက်ပါသည်။ ကိုင်း၊ ကျွန်းမြေသည် ပြောင်း၊ မတ်ပဲ နှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့ အတွက် အဓိအားထားရာဖြစ်ပါသည်။

## ၃။ရာသီဉ တုနှင့် သဘာဝအရင်းအမြစ်များ

အေးရွာကျေးရွာတွင် ကိုင်း/ကျွန်းသမားများသည် ဆောင်းရာသီအတွက် သီးနှံမျိုးစုံကို တန်ဆောင်မုန်းလတွင် အများဆုံးစိုက်ပျိုးကြပြီး သွင်းရေအတွက် မြစ်၊ ချောင်းရေနှင့် မြေအောက်ရေ ကိုအဓိကစိုက်ပျိုးအောင်မြင်ပါသည်။ ကိုင်း/ကျွန်းဧက(၇၂၀)ခန့်ရှိပြီး ပြောင်းကိုအဓိကထား၍ မတ်ပဲနှင့်အခြားဟင်းသီးဟင်းရွက်များကိုလည်းစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေ(၂)ဧကရှိ ပြီးငရုတ်၊ ဂေါ်ဖီနှင့် အခြားရာသီပင်တို့ကို အဓိကစိုက်ပျိုးပါသည်။ ကျေးရွာသည် မြစ်နှင့်နီးသော ကြောင့်သဲထွက်ရှိမှုများပြားပါသည်။ သဘာဝတိရစ္ဆာန်များရရှိနိုင်မှုမရှိပါ။ နွားစာအတွက် မြက်များ ကိုကိုင်းကွင်းများတွင် လွယ်ကူစွာ ရရှိနိုင်ပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ ဆေးဖက်ဝင်အပင် များမှာ သာမန်တွေ့ရသော အပင်များသာရှိပါသည်။

## ၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဝါးပတောကျေးရွာတွင် သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတစ်ရွာလုံးသည် ဗမာလူမျိုး များဖြစ်ကြပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ ဗုဒ္ဓဘာသာဓမ္မာရုံ(၁)ကျောင်းနှင့် ဘုရားစေတီပုထိုးများလည်းရှိပါသည်။ ကျေးရွာတွင် ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန် ရေးအတွက် ကျေးရွာအတွင်းမှ ထည့်ဝင်ငွေများနှင့် အလှူရှင်များပူးပေါင်းပြီး ကျေးရွာလမ်းကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာလမ်းကောင်းမွန်ပါက ပညာရေး၊ ကျန်းမာ ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး အစရှိသည်တို့မှာ အဘက်ဘက်မှ တိုးတက်ပြောင်းလဲမှု များဖြစ်လာနိုင်မည်မှာ ဧကန်ပင်ဖြစ်ပါသည်။

### (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

အေးရွာကျေးရွာ၏ကိုင်းမြေများတွင် ပြောင်း၊ မတ်ပဲ၊ ငရုတ်၊ ငရမ်းချဉ်နှင့် ခြံမြေများတွင် သခွား၊ ကြက်ဟင်းခါး၊ ရုံးပဒေနှင့် အခြားရာသီပင်များစိုက်ပျိုးကြပါသည်။ အိမ်ခြံဝန်းစိုက်ခင်း လုပ် ကိုင်သူ(၂)ဦးသာရှိပါသည်။ ပြောင်း(၁)ဧကပျမ်းမျှအထွက်နှုန်းမှာ (၁၀၅)တင်း၊ မတ်ပဲ(၁)ဧက ပျမ်းမျှအထွက်နှုန်းမှာ (၁၅)တင်းထွက်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေကို အဝီစိတုံကင်တွင်းများမှ တစ်နှစ်ပတ်လုံးရေရရှိပါသည်။ ယခုအခါ မတ်ပဲဈေးမကောင်းသောကြောင့် စိုက်ပျိုးသူနည်းလာပြီး ပြောင်းစိုက်ပျိုးသူများလာ၍ အထွက်နှုန်းကောင်းမွန်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအိမ်ထောင်စုများအတွက် မိုးရာသီအလုပ်အကိုင်ရှားပါးချိန်တွင် ပုံမှန်ဝင်ငွေရအလုပ်နည်းသောကြောင့် မြို့ကြီးများ(ရန်ကုန်စက်ရုံများတွင်)သွားရောက်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုနေသူများလည်းရှိသည်။ ကျေးရွာတွင် သင်ဖျူး၊ ဖျာယက်၊

လက်သမား၊ ပန်းရံ၊ ဆံပင်ညှပ်၊ စက်ချုပ်၊ ခေါင်းရွက်ဖြတ်ထိုးနှင့် ရေချိုငါးဖမ်းစသော အတတ်ပညာ တို့ဖြင့် အသက်မွေးဝမ်းကျောင်းသူအနည်းငယ်လည်းရှိပါသည်။

ကျေးရွာ၏စီးပွားရေးအခြေအနေအရ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စု အားလုံး၏ (၄)%ချမ်းသာအဆင့်တွင်ရှိကြပြီး၊ (၁၉)%သည် အလယ်အလတ်အဆင့်၊ (၃၀)%သည်



ဆင်းရဲအဆင့် ၊(၂၁)%သည် အလွန်မပြေလည်သောအဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေး ရွာတွင် စိုက်ပျိုးမြေယာမဲ့အိမ်ထောင်စုအရေအတွက် (၂၂)%ထိရှိကာ ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့် အိမ်ထောင်စုအများဆုံးဖြစ်သည်။ အိမ်ထောင်စုအနည်းငယ်သာ ထွန်ယက်ရေးစက်ကရိယာများကို ပိုင်ဆိုင်ကြပြီး အပိုင်မရှိသူများသည် တစ်ကေကာလပေါက်ဈေးတစ်စပ်ထွန် ၁၈၀၀၀ ကျပ် ပေးငှား ထွန်ရပါသည်။

ကျေးရွာတွင် ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၁၁)စုရှိပြီး၊ ဆိုးဆိုးရွားရွား ထိခိုက်နိုင်သည့်အခြေအနေမျိုးမရှိပါ။

**(ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

အေးရွာကျေးရွာသည် ရောဝတီမြစ်အနီးတွင်ရှိပြီး ဇလွန်မြို့နှင့်(၅)မိုင်ကွာဝေးပါသည်။ မြစ် ကမ်းဆိပ်မှ ရွာသို့အဝင်လမ်းမှာ မြေသားလှည်းလမ်းသာဖြစ်ပြီး ရွာလယ်လမ်းမကြီးမှာ ဝဲယာနှစ် ဖက်မှာ မြေသားလှည်းလမ်းဖြစ်ပြီး အလယ်တွင်(၅ပေခွဲ)အကျယ် ကွန်ကရစ်လမ်းအား ၂၀၁၈ခုနှစ် တွင် ကျေးရွာသူကျေးရွာသားများမှ စုပေါင်း၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် အားကြိုးမာန်တက် ခင်း ကျင်းထားပါသည်။ လမ်း၏အရှည်မှာ (၁၁၀၀)ပေရှိပြီး ကွန်ကရစ်လမ်းခင်းပြီးသားမှာ (၇၀၀)ပေရှိ ၍ မြေသားလမ်းအဖြစ်(၄၀၀ပေခန့်) ကျန်ရှိနေပါသည်။ အေးရွာ–ငါးအိမ်တန်းကျေးရွာချင်းဆက် လမ်းမှာ (၅၀၀၀’x ၈’)ခန့်အတိုင်းအတာရှိပြီး ပေ(၃၀၀၀)မှာ ကွန်ကရစ်ဝဲယာ(၂)ပေစီမြေသား အလယ်(၂ပေ)၊ စုစုပေါင်း(၆ပေ)အကျယ်ရှိပါသည်။ ပေ(၂၀၀၀)ခန့်မှာ မြေသားလမ်းအဖြစ် ကျန်ရှိ နေပြီး မိုးရာသီတွင် ၄င်းလမ်းတစ်ခုထဲမှ ဖြတ်၍ ကျေးရွာအုပ်စုကျောင်းဖြစ်သော ကူတို့ဆိပ် (အ.ထက)ကျောင်းသို့ သွားလာသော အေးရွာမှကျောင်းသားကျောင်းသူများမှာ မြေသားလမ်းနေရာ တွင်ရွှံ့ဖွက်များကြောင့် သွားလာရေးအခက်အခဲရှိပါသည်။ အေးရွာကျေးရွာတွင် ရွာတွင်းလမ်း အရှည်ပေ (၁၅၀၀)ရှိသော လှည်းလမ်းသည် ကျေးရွာသူ ကျေး ရွာသားများ အဓိကအသုံးပြုနေသော လမ်းဖြစ်ပါသည်။၄င်းလမ်းအားတစ်နှစ်ပတ်လုံးရာသီမရွေးသွားလာမှုပြုနိုင်ရေး (၁၅၀၀’x၆’x၆”) ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်လိုကြသည်။

အေးရွာကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် ဇလွန်ဈေးနှင့် ခနေဖြူဈေး တို့ကို လက်လှမ်းမီပါသည်။ ဇလွန်ဈေးသို့ ရေကြောင်းမှ စက်လှေ၊ မော်တော်တို့ဖြင့်သွားလာရပြီး ဇလွန်မှတစ်ဆင့် ဟင်္သာတဈေးသို့ ဆိုင်ကယ်၊ ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တို့ကို အသုံးပြု သွားလာရပါသည်။

ဆိုလာနှင့်ဘက်ထရီအိုးကိုအများဆုံးအသုံးပြုကြပြီး အချို့အိမ်ထောင်စုများမှာ ဖယောင်း တိုင်းနှင့် မီးခွက်တို့ကို အသုံးပြုပါသည်။ မဟာဓါတ်အားလိုင်းနှင့်ဝေးကွာပြီး မြစ်ရေကြီးသောဒေသ ဖြစ်ခြင်းကြောင့်

လျှပ်စစ်မီးရရှိရန်မလွယ်ကူပါ။ ထို့ကြောင့် ကျေးရွာမီးလင်းရေးအတွက် မီးစက် လျှုဒါန်းကူညီပံ့ပိုးမည့်သူနှင့် ကျေးရွာလူထုအတူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကျေးရွာတွင် အိမ်တိုင်းနီးပါး မိုဘိုင်းဖုန်းများကို အသုံးပြုနိုင်ကြပါသည်။ ဖုန်းလိုင်းကောင်းသောကြောင့် အလွယ်တကူ ဆက်သွယ်အသုံးပြုနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်များ(ဥပမာ– မီးဘေး)ကျရောက်ခြင်းတို့အတွက် ဇလွန်မြို့နယ်ရှိ မီးသတ်နှင့်ရဲစခန်းတို့ကို အကြောင်းကြားနိုင်သော်လည်း မြစ်ခြားနေသည့်အတွက် သွားလာရေးအနည်းငယ်ခက်ခဲမှုရှိပါသည်။



## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် ကိုင်း/ကျွန်းသမားများမှာ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေကို အတိုးနှုန်းပြားစဖြင့် စိုက်ပျိုးရေးအတွက် ချေးယူအသုံးပြုရပြီး လုံလောက်မှုတော့မရှိကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် UNDP နှင့် သမချေးငွေကို စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ငွေတိုးချေးသူများထံမှ အတိုးနှုန်း ၄ကျပ်နှုန်းဖြင့် ချေးယူသူအနည်းငယ်လည်းရှိပါသည်။ တစ်နယ်တစ်ကျေးသို့ သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေကို ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်တို့မှ အများဆုံးလွှဲပြောင်းထုတ်ယူတတ်ကြ ပြီး အခြားသောဘဏ်များနှင့်လည်း ဆက်သွယ်ချိတ်ဆက်အသုံးပြုနိုင်ကြပါသည်။

## (င) ပညာရေး

အေးရွာကျေးရွာ၏အနောက်ဘက်ပိုင်းတွင် မူလတန်းကျောင်းဆောင်ကို ဆောက်လုပ်ထား ပါသည်။ စာသင်ကျောင်းဆောင်ကြီးမှာ သွပ်မိုး၊ အုပ်ကာ၊ အင်္ဂတေခင်းကျောင်းဆောင်ဖြစ်ပြီး ၂၀၁၆ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ယခုအခါတွင် ကျောင်းအမိုးမှာသံချေးတက်နေပြီး မိုးယိုနေ ပါသည်။ အောက်ခင်းအင်္ဂတေမှာလည်း ပေါက်ပြဲပျက်စီးနေပါသည်။ ကျောင်းဆောင်အကျယ်အဝန်း မှာ (၁၂၀'x၃၀')ဖြစ်ပြီး မြေစိုက်ဆောင်ဖြစ်ပါသည်။ ကျောင်းအိမ်သာ(၂)ခန်းတွဲ(၂)ဆောင်တိုက် ခန်းဖြစ်၍ ဆရာ၊ဆရာမ၊ ကျောင်းသားကျောင်းသူများအတွက်လုံလောက်မှုရှိပါသည်။ ကျောင်းတွင် ဆရာ(၂)ဦး၊ ဆရာမ(၃)ဦးနှင့် ကျောင်းလုပ်သား(၁)ဦးရှိပြီး ဆရာ/တပည့်အချိုးကိုက်ညီမှုရှိပါသည်။ စာသင်ကျောင်းတွင် ကျေးရွာအတွင်းမှ အလှူရှင်များ အာဟာရကျွေးမွေးမှုများလည်းရှိပါသည်။

ကျေးရွာတွင် စာမတတ်သူအနည်းငယ်သာရှိ၍ ကျောင်းတက်နှုန်းမှာ မူလတန်းပညာရေး တွင် ကျား(၂၉)ဦး၊ မ(၂၂)ဦး၊ စုစုပေါင်း(၅၁)ဦး၊ အလယ်တန်းပညာရေးတွင် ကျား(၂၂)ဦး၊ မ(၁၂) ဦး၊ စုစုပေါင်း(၃၄)ဦး၊ အထက်တန်းပညာရေးတွင် ကျား(၇)ဦး၊ မ(၁၂)ဦး၊ စုစုပေါင်း(၁၉)ဦး၊ တက္ကသိုလ်ပညာရေးတွင် ကျား(၁၀)ဦး၊ မ(၆)ဦး၊ စုစုပေါင်း(၁၆)ဦးရှိပါသည်။ ကျေးရွာတွင် ရွာခံကျောင်းဆရာ(၄)ဦး၊ ကျောင်းဆရာမ(၉)ဦး၊ စုစုပေါင်း(၁၃)ဦး ရှိပါသည်။

ကျေးရွာတွင် ပန်းရံ၊ လက်သမား၊ ဖျာရက်၊ ဆံပင်ညှပ်၊ စက်ချုပ်၊ ဆိုင်ကယ်ပြင် အတတ် တို့ဖြင့် ကျွမ်းကျင်မှုလုပ်သားအနည်းစုသာရှိပါသည်။ ကျေးရွာလူငယ်အမျိုးသားများမှာ ဆိုင်ကယ် ပြင်သင်တန်း၊ စက်ပြင်သင်တန်းတို့နှင့် အမျိုးသမီးများမှာ အပ်ချုပ်စက်သင်တန်းနှင့် အလှပြင် သင်တန်းများအား တတ်ကျွမ်းလိုကြသည်။

ပညာရေးကဏ္ဍတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်မိဘဆရာအသင်းတို့ဖွဲ့စည်းထား ရှိပြီး ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာသူကျေးရွာသားများနှင့်အတူ ပူးပေါင်း၍ လိုအပ်ချက်များ ကို ဆောင်ရွက်ကြသောကြောင့် ပညာရေးအတွက် အခက်အခဲမရှိလုပ်ဆောင်နိုင်ပါသည်။ မူလတန်း ကျောင်းဆောင်တွင် ကျောင်းအုပ်ကြီးရုံးခန်းသီးသန့်မရှိပါ။ ထို့ကြောင့် ကျောင်းအုပ်ကြီးရုံးခန်းနှင့် အဝေးမှလာရောက်တာဝန်ကျသောဆရာ၊ဆရာမများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ယာ(၁)လုံး လိုအပ်မှုရှိပါသည်။ ယခုအခါ တစ်နယ်တစ်ကျေးမှလာရောက်တာဝန်ကျသောဆရာ၊ဆရာမများမှာ ကျေးရွာအတွင်း သင့်တော်သောအိမ်များတွင် တည်းခိုနေထိုင်ကြရပါသည်။



**(စ)ကျန်းမာရေး**

အေးရွာကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျေးရွာအုပ်စုဖြစ်သော ကူးတို့ဆိပ်ကျေး ရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဝန်ဆောင်မှုရရှိပါသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး ကြောင့် သွားရေးလာရေး အနည်းငယ်ခက်ခဲမှုရှိပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်တုံကင်တွင်းရေကိုအများဆုံးအသုံးပြုကြပြီး တုံကင်တွင်းမရှိသော အိမ်ထောင်စုများမှာ နွေအခါတွင် အိမ်နီးချင်းတုံကင်တွင်းရှိသူများထံမှ အသုံးပြုကြပါသည်။ မိုးအခါ တွင် အိမ်ခေါင်မိုးပေါ်မှကျသောရေကို ခံယူ၍ အသုံးပြုသူများလည်းရှိပါသည်။ နိုင်ငံတော်မှ လာ ရောက်တူးပေးထားသောစက်ရေတွင်း(၁)တွင်းရှိသော်လည်း အနီးအနားမှအိမ်ထောင်စုများသာ လက်လှမ်းမီပြီး အိမ်ထောင်စုအများစုမှာ လက်လှမ်းမမီဖြစ်နေကြပါသည်။

ကျေးရွာတစ်ရွာလုံးယင်လုံအိမ်သာဆောက်လုပ်အသုံးပြုကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ လျော့နည်းသည်။ စာသင်ကျောင်းတွင်လည်း နှစ်ခန်းတွဲ အိမ်သာ(၂)လုံးကို စနစ်တကျဆောက်လုပ်ထားပြီး ဆရာ၊ဆရာမများနှင့် ကျောင်းသားကျောင်းသူ များအတွက် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

ကျန်းမာရေးကဏ္ဍတွင် တီဘီရောဂါဖြစ်ပွားသူ(၂)ဦးနှင့် ဆီးချိုရောဂါဖြစ်ပွားသူ(၂)ဦးရှိပြီး အချိန်မီဆေးဝါးကုသမှုကြောင့် အန္တရာယ်ရှိနိုင်သောရောဂါဖြစ်ပွားမှုနိမ့်ကြောင်း တွေ့ရပါသည်။ အရိုးပျော့ရောဂါသည် ကျား(၁)ဦး၊ မ(၁)ဦးနှင့် စွံ့အနားမကြားသူကျား(၂)ဦးရှိ၍ ၎င်း(၂)ဦးမှာ အလုပ်လုပ်ကိုင်နိုင်ပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ပိုးလောက်လမ်းနိမ်နှင်းကာကွယ်ရေးဆေးထုတ်များ ဖြန့်ဝေ အသိပေးခြင်း၊ စာသင်ကျောင်းတွင် ကျောင်းသားကျောင်းသူများကိုပေါင်ချိန်ပေးခြင်း စသော ကျန်းမာရေးဝန်ဆောင်မှုများရရှိပါသည်။ ပိုလီယိုရောဂါကာကွယ်ဆေး၊ ဝက်သက်ရောဂါကာကွယ် ဆေး၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကို လာရောက် ထိုးနှံမှုများလည်းရှိပါသည်။

**(ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် မတ်ပဲနှင့်အခြားသီးနှံအပင်များတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး နိမ့်ကျလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံမျိုးစုံကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများရှိနေပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး ဧရာဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိပါသည်။ ရောကာတာ၏ အပြင်ဘက်တွင် ကျေးရွာတည်ရှိနေခြင်းကြောင့် ရေကြီးလွှမ်းမိုးခြင်းများလည်းရှိပါသည်။ မြစ်ကမ်းဘေးတွင်တည်ရှိသောကျေးရွာဖြစ်ခြင်းကြောင့် မုန်တိုင်းတိုက်ခတ်ခြင်းဘေးအန္တရာယ်များလည်း အနည်းငယ်ရှိပါသည်။



**(ဇ)ကျား – မ ရေးရာ**

အေးရွာကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှု များ၊ အခွဲမမှု၊ ခွဲခြားဆက်ဆံမှုစသည့်ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် ကိုင်း/ကျွန်းလုပ်ငန်းများ တွင် အမျိုးသားများတစ်နေ့တာလုပ်အားခနှုန်းထား(၆၀၀၀ကျပ်)၊ အမျိုးသမီးများမှာ တစ်နေ့တာလုပ်အားခ(၄၀၀၀ကျပ်)ရကြသည်။ ကျားမလုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ လုပ်အားခနှုန်းထားကွာခြားမှုရှိသည်။ ပညာသင်ယူရေးဆိုင်ရာ အခွင့် အလမ်းများတွင်အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်အရေးရကြပါသည်။

## ၅။ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *လမ်းပန်းဆက်သွယ်ရေး* | | | | | |
| | ၁။ ရွာတွင်းလမ်းအဆင့်မြှင့်တင် ခြင်း | ၁၀၀ | ၁ | -ကျေးရွာတွင်းလမ်း(၁၅၀၀’x၆’x၆”)ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း | ကျေးလက် ဦးစီး |
| *ကျန်းမာရေး* | | | | | |
| | ၂။ ကျေးရွာတွင်ကျန်းမာရေး ဆေးပေးခန်းဆောက် လုပ်ရန် အတွက် မြေနေရာစီစဉ်ပေးခြင်း နှင့် ပံ့ပိုးကူညီခြင်း | ၉၀ | ၂ | - ကျေးရွာတွင်ကျန်းမာရေး ဆေးပေးခန်းဆောက် လုပ်ရန်အတွက် မြေနေ ရာစီစဉ်ပေးခြင်းနှင့် ပံ့ပိုး ကူညီခြင်း၊ကျန်းမာရေးပညာပေးနှင့်သင်တန်းများဖွင့် ပေးခြင်း | ကျန်းမာေ ေး |
| *ပညာရေး* | | | | | |
| | ၃။ ကျောင်းသုံးပရိဘောဂနှင့်သင် ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ပံ့ပိုးခြင်း | ၈၀ | ၃ | - ကျောင်းသုံးပရိဘောဂနှင့်သင် ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ပံ့ပိုးခြင်း | ပညာရေး |

| | | | | | |
|---|---|---|---|---|---|
| ***လူငယ်အားကစား*** | | | | | |
| | ၄။ နေရာကျယ်ကျယ်နှင့် လူငယ်များအားကစားပြုလုပ်ရန် မြေနေရာစီစဉ်ပေးခြင်း | ၇၀ | ၄ | နေရာကျယ်ကျယ်နှင့် လူငယ်များအားကစားပြုလုပ်ရန် မြေနေရာစီစဉ်ပေးခြင်း | အားကစား ဦးစီး |
| ***လူငယ်အလုပ်အကိုင်*** | | | | | |
| | ၅။ စက်မှုလက်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၆၀ | ၅ | - စက်မှုလက်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း | ကျေးလက် ဦးစီး |
| ***စိုက်ပျိုးရေး*** | | | | | |
| | ၆။ ကျေးရွာတွင်စိုက်ပျိုးရေးရုံးခွဲ ထားရှိ၍ တောင်သူများနှင့် တိုက်ရိုက်ဆက်သွယ်မှု ရရှိအောင်ဆောင်ရွက်ခြင်း | ၅၂ | ၆ | - မြစ်တစ်ဖက်ကမ်းကျေးရွာဖြစ်သောကြောင့် ကျေးရွာတွင်စိုက်ပျိုးရေးရုံးခွဲ ထားရှိ၍ တောင်သူများနှင့် တိုက်ရိုက်ဆက်သွယ်မှု ရရှိအောင်ဆောင်ရွက်ခြင်း | စိုက်ပျိုးရေး |
| ***မီးလင်းရေး*** | | | | | |
| | ၇။မဟာဓါတ်အားလိုင်းဖြင့်မီးကြိုး သွယ်တန်းခြင်း | ၄၅ | ၇ | -မဟာဓါတ်အားလိုင်းဖြင့်မီးကြိုး သွယ်တန်းခြင်း | စိုက်ပျိုးရေး |
| ***အဆောက်အဦ*** | | | | | |
| | ၈။ ကျေးရွာစာကြည့်တိုက်တည် ဆောက်ခြင်း | ၄၂ | ၈ | -ကျေးရွာစာကြည့်တိုက်တည် ဆောက်ခြင်း | ကျေးလက် ဦးစီး၊ ပြန်ဆက် |

| | | | | | |
|---|---|---|---|---|---|
| ***စိုက်မွေးမဟုတ်သောအုပ်စု*** | | | | | |
| | ၉။ဒေသတွင်းစက်ရုံအလုပ်ရုံ များတည်ဆောက်ခြင်းနှင့် အတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီးမတည်ငွေ ရရှိအောင် ဆောင်ရွက်ပေးခြင်း | ၂၅ | ၉ | -ဒေသတွင်းစက်ရုံအလုပ်ရုံ များတည်ဆောက်ခြင်းနှင့် အတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီးမတည်ငွေ ရရှိအောင် ဆောင်ရွက်ပေး ခြင်း | ကျေးလက် ဦးစီး၊ |

**ကူးတို့ဆိပ်အုပ်စု၊ အေးရွာကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | • ရွာတွင်းလမ်းမှာ တစ်နှစ်ပတ်လုံး အသုံးမပြုနိုင်ခြင်း | • ရွာတွင်းလမ်းမှာ လှည်းလမ်းဖြစ်နေခြင်း | ကျေးရွာမှ စုပေါင်းလုပ်အား ပေးနိုင်ခြင်း | | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း | ရွာတွင်းလမ်းအား အဆင့်မြှင့်တင်ခြင်း |
| ၂ | **ကျန်းမာရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • ရာသီအလိုက်ဖြစ်သောရောဂါများဖြစ်ခြင်း<br>• ကျေးလက်ဆေးပေးခန်းမရှိခြင်း | • ရာသီဥတုကရောဂါဖြစ်ပွားမှုကိုအားပေးနေခြင်း<br>ကျန်းမာရေးဌာနဆောက်လုပ်ရန်မြေနေရာမရှိခြင်းနှင့်ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာတွင်ဆေးဝါးကျွမ်းကျင်သင်တန်းဆင်းဆရာတစ်ဦးရှိခြင်း<br>ကျေးရွာတွင်ဆေးရုံတက်ရသည့်လူနာများအတွက်တစ်ဦးလျှင်(၅၀၀၀ဝိ/)ကျန်းမာရေးငွေပဒေသာပင်မှလှူဒါန်းခြင် | တိုက်နယ်ဆေးရုံနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့်လက်လှမ်းမမီဝေးကွာခြင်း | • ရာသီအလိုက်အဖြစ်များသောရောဂါများကိုကြိုတင်အသိပေးနှိုးဆော်ခြင်း<br>• ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်ခြင်း<br>ယင်လုံအိမ်သာမရှိသူများကိုကျေးရွာနှင့်ကျေးလက်ဦးစီးဌာနတို့ပူးပေါင်း၍ အိမ်ခွက်နှင့်ပိုက်များအခမဲ့ဖြန့်ဝေခြင်း | • ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရန်အတွက် မြေနေရာစီစဉ်ပေးခြင်းနှင့်  ပံ့ပိုးကူညီခြင်း<br>ကျန်းမာရေးပညာပေးနှင့်သင်တန်းများဖွင့်ပေးခြင်း |
| ၃ | ပညာရေး | | | | | |
| | • ကျောင်းသုံးပရိဘောဂများခိုင်ခံ့မှုအားနည်းလာခြင်း<br>• မလုံလောက်ခြင်း | • သက်တမ်းကြာရှည်ခြင်း<br>• ကျောင်းသားဦးရေတိုးပွားလာခြင်း | • ကျောင်းပင်မငွေပဒေသာပင်ရှိခြင်း | ငွေကြေးမလုံလောက်ခြင်း | • မိဘဆရာအသင်း၊ ပညာရေးဌာန၊  အလှူရှင်များနှင့်ချိတ်ဆက်ပူးပေါင်း၍ဆောင်ရွက်ခြင်း | • ကျောင်းသုံးပရိဘောဂနှင့်သင်ထောက်ကူပစ္စည်းများလုံလောက်စွာပံ့ပိုးခြင်း |
| ၄ | လူငယ်အားကစား | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • လူငယ်များအား ကစားပြုလုပ်ရန် မြေနေရာမရှိခြင်း | • ကျန်းမာကြံ့ခိုင်ရေး အသိပညာနည်းပါး ခြင်း | • အားကစားစိတ် ဓါတ်ပြင်းထန် သောလူငယ်များ များပြားခြင်း | မြေနေရာအလွတ် မရှိဘဲ သီးနှံများ စိုက်ပျိုးထားခြင်း | • သက်ဆိုင်ရာအားကစား နှင့်ကာယပညာဦးစီး ဌာနနှင့် ချိတ်ဆက်၍ နေရာကျယ် ကျယ်နှင့် လူငယ်များ အားကစား ပြုလုပ် ရန်မြေနေရာ စီစဉ်ပေးခြင်း | • နေရာကျယ်ကျယ်နှင့် လူငယ်များ အားကစား ပြုလုပ်ရန် မြေနေရာစီစဉ် ပေးခြင်း |
| ၅ | လူငယ်အလုပ်အကိုင် | | | | | |
| | • လူငယ်များအလုပ် လက်မဲ့များလာ ခြင်း | • အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း | • ကျေးရွာတွင်အ လုပ်လုပ်နိုင်သော လူငယ်များရှိနေ ခြင်း | • မိသားစုအတွက် စားဝတ်နေရေး ခက်ခဲကျပ်တည်း လာခြင်း အလုပ်အကိုင် ရှား ပါးခြင်းကြောင့် ဝင်ငွေနှင့်ထွက်ငွေ မျှတမှုမရှိခြင်း | • သက်ဆိုင်ရာအလုပ်သ မားဝန်ကြီးဌာနများနှင့် အလုပ်အကိုင်အခွင့်အ လမ်းအတွက် ချိတ်ဆက် ဆောင်ရွက်ခြင်း | • စက်မှုလက်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း |
| ၆ | စိုက်ပျိုးရေး | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • စိုက်ပျိုးရေးနည်းပညာရရှိမှုအားနည်းခြင်း<br>• စိုက်ပျိုးရေးဈေးငွေလုံလောက်စွာမရခြင်း<br>• အထွက်နှုန်းမကောင်းခြင်း<br>• ပိုးနှင့်ရောဂါကျခြင်း | • ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များလုံလောက်စွာမရခြင်း<br>• ရာသီဥတုဆိုးရွားလာခြင်းကြောင့်ပိုးမွှားပေါင်းစုံကျရောက်ခြင်း | • ကျေးရွာတွင်စိုက်ပျိုးရေးနည်းပညာဘွဲ့ရကျောင်းဆင်းများရှိခြင်း | • စိုက်ပျိုးရေးပညာရှင်အဖွဲ့များနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများပူးပေါင်း၍လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | • ကျေးလက်ဒေသများတွင်စိုက်ပျိုးရေးရုံးခွဲများထားရှိ၍ တောင်သူများနှင့်တိုက်ရိုက်ဆက်သွယ်မှု ရရှိအောင်ဆောင်ရွက်ပေးခြင်း<br>• ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များလုံလောက်စွာရရှိရေးဆောင်ရွက်ခြင်း |
| ၇ | **မီးလင်းရေး** | | | | | |
| | • လျှပ်စစ်မီးမရခြင်း | • မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးခြင်း | • ကျေးရွာ တွင်မီးစက်လျှုဒါန်းမည့်သူရှိခြင်း | • ဆင်းရဲသောအိမ်ထောင်စုများသေ ာ ကြောင့်ငွေကြေးတတ်နိုင်မှု အားနည်းခြင်း<br>• ရေဝတီမြစ်ကမ်းဘေးရေမြုပ်ကွင်းဒေသဖြစ်နေခြင်း | • သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ တင်ပြအကူအညီတောင်းခံခြင်း | • ကျေးရွာမီးလင်းရေးအတွက် မဟာဓါတ်အားလိုင်းဖြင့်မီးသွယ်တန်းခြင်း |
| ၈ | **အဆောက်အဦ** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • စာပေဗဟုသုတအားနည်းခြင်း | • ကျေးရွာတွင် စာအုပ်စာပေများအလွယ်တကူဖတ်ရှုနိုင်မည့်နေရာမရှိခြင်း | • | • ငွေကြေးမပြည့်စုံခြင်းနှင့်စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာမရှိခြင်း | • လူငယ်များစာဖတ်ချင်စိတ်ရှိလာအောင်အသိပညာပေးစည်းရုံးခြင်းနှင့်စာကြည့်တိုက်ဆောက်ရန်မြေနေရာအတွက်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးရွာတွင်စာပေဟောပြောပွဲများပြုလုပ်ပေးခြင်းနှင့်စာကြည့်တိုက်တည်ဆောက်ခြင်း |
| ၉ | စိုက်/မွေးမဟုတ်သောအုပ်စု | | | | | |
| | • ကုန်ကြမ်းမှကုန်ချောအဆင့်မြှင့်တိုးချဲ့ထုတ်လုပ်နိုင်မှုအားနည်းခြင်း<br>• စီးပွားရေး၊ လူမှုရေးနှင့်အရေးပေါ်ကိစ္စများအတွက်ချေးငွေရရှိမှုခက်ခဲခြင်း | • ဒေသတွင်းစက်ရုံ၊ အလုပ်ရုံများမရှိခြင်း<br>• အရင်းအနှီးလုံလောက်စွာမရရှိခြင်း | • | • ကျေးလက်ကုန်ထုတ်သူများအတွက်ဈေးကွက်အတက်အကျမြန်ခြင်းကြောင့်သင့်တင့်သောဈေးနှုန်းမရရှိခြင်း | • အရင်းအနှီးလုံလောက်စွာရရှိရန်လုပ်ငန်းရှင်ကြီးများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • ဒေသတွင်းစက်ရုံအလုပ်ရုံများတည်ဆောက်ခြင်း<br>• အတိုးနှုန်းသက်သာစွာဖြင့်အရင်းအနှီးမတည်ငွေရရှိအောင် ဆောင်ရွက်ပေးခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၄ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၉ | ၁၉ | ၃၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၉ | ၂၂ | ၅၁ |
| ၁၀ နှစ်မှ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၁၇ | ၅၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၀ | ၂၈၈ | ၅၄၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၄၇ | ၄၃ | ၉၀ |
| **စုစုပေါင်း** | | **၃၉၆** | **၃၉၃** | **၇၈၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၈၈** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။**အေးရွာကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၈၈)အိမ်၊ လူဦးရေစုစုပေါင်း (၇၈၉)ဦးရှိပါသည်။ အမျိုးသားဦးရေ(၅၀)** %၊ အမျိုးသမီးဦးရေ(၅၀) %ရှိသဖြင့် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေနှင့် အဆတူပင်ဖြစ်ပါသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ်ကျောင်းသား ကျောင်းသူ(၁၃)%ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်(၁၅နှစ်မှ ၆၄နှစ်အထိ) (၆၉)%ရှိပါသည်။ ထို့ကြောင့်လုပ်သားအင်အားများပြားပါသည်။ သက်ကြီးရွယ်အိုအရေအတွက် (၁၁)%ရှိပြီး အသက်(၈၀) နှစ်အထက် အသက်ရှည်သူများဖြစ်ကြပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းစသည်) |
|---|---|---|---|---|
| လယ်မြေ | | | | |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၂ | ကောင်း | ရ | မြေအောက်ရေ၊ တွင်းရေ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ကိုင်း/ကျွန်းမြေ | ၇၂၀ | ကောင်း | ရ | မြေအောက်ရေ၊ မြစ်ရေ |
| စုစုပေါင်း | ၇၂၂ | | | |

၁၅

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။အေးရွာကျေးရွာတွင်ကိုင်းကျွန်းမြေ(ဧက)(၇၂၀) ခန့်ရှိပြီး မြေဆီလွှာအရည်အသွေးအတွက် ရေရရှိမှုများပြီးငင်းရေကို မြေအောက်ရေမှအဓိကရရှိပါသည်။ ကိုင်းမြေများတွင် ပဲမျိုးစုံနှင့် ပြောင်းကို စိုက်ပျိုးကြပြီး မိုးတွင်း ရေကြီးချိန်တွင် အလုပ်ငြိမ်းဖြစ်သည်။ အိမ်ခြံဝန်းစိုက်ခင်းများမှာ(၂)ဧကရှိပြီး ရာသီပင်အနည်းအကျဉ်းသာ စိုက်ပျိုးပြီး ငင်းရေကို မြေအောက်ရေမှရရှိပါသည်။ ကျေးရွာသည် ရေမြုပ်ကွင်းအရပ်ဒေသဖြစ်၍ ဥယျာဉ်ခြံမြေ၊ နွား၊ ကျွဲ စားကျက်မြေ သီးသန့် မရှိပါ။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | များ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပျှမ်းမျှအပူချိန် – ၃၅ဒီဂရီ၊စင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် –၄၀လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။အေးရွာကျေးရွာတွင်သဲအမျိုးအစားတစ်ခု

သာထွက်၍ ရရှိနိုင်မှုများပါသည်။ လမ်းလုပ်ငန်းများလုပ်ဆောင်ရန် အဆင်ပြေပါသည်။



(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လူငယ်အားမာန်ပရဟိတအဖွဲ့ | ၁☑ ၂☐ ၃☐ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘာသာရေး၊သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေးများကို စိတ်အားထက်သန်စွာဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ လူငယ်(၄၀) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။အေးရွာကျေးရွာတွင်လူငယ်အားမာန်ပရဟိ

တအဖွဲ့ကို လူငယ်(၄၀)ဦးဖြင့်တည်ထောင်ထားပြီး ကျေးရွာ အတွက် ဘာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ခေါင်းဆောင်အကြီးအကဲများ၏ ညွှန်ကြားမှုဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။



(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၂ဧက အထက် | ၅ဧကနှင့်၁၀ဧကကြား | ၂.၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | သစ်အိမ်ကြီး | သစ်အိမ်ငယ် | ဝါးအိမ် | ဝါးတဲအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | ကိုင်း | ကိုင်း | ကိုင်း ၊ကျပန်း | ကျပန်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အိမ်ထောင်စု | ၄၆ | ၅၈ | ၄၁ | ၄၃ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။အေးရွာကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၄၆)အိမ်(၂၄)%သာရှိပြီး ကိုင်းလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးသူများဖြစ်ကြပါသည်။ အလယ်အလတ်ရှိအိမ်ထောင်စု(၅၈)အိမ်(၃၁)%ရှိပြီး ကိုင်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စု(၄၁)အိမ်(၂၂)% ရှိပြီး အဓိက စီးပွားရေးလုပ်ငန်းအဖြစ် ကိုင်း၊ကျပန်းအလုပ် တို့ကို လုပ်ကိုင်ပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၄၃)အိမ်(၂၃)%ရှိပြီး ကမ်းနားတွင် ကုန်ထမ်း၊ကိုင်းလုပ်ငန်းတွင် နေ့စားအဖြစ် ကျပန်းလုပ်ကိုင် စားသောက်ကြပါသည်။ ကျေးရွာ၏ တစ်ဝက်မှာသစ်အိမ် များဖြစ်ပြီးကျန်ရှိသောတစ်ဝက်ခန့်မှာ ဝါးအိမ်နှင့် ဝါးတဲအိမ်များဖြစ်ကြပါသည်။ ရေမြုပ်ကွင်းဖြစ်သောကြောင့်မြစ်ရေ အလွန်ကြီးသောနှစ်တွင် ဝါးအိမ်များရေမြုပ်ခြင်း အခက်အခဲ များရှိပြီး မြစ်ရေကြီးချိန်တွင် လေပြင်းတိုက်ခတ်မှုအန္တရာယ်များနှင့်လည်း ကြုံတွေ့ရပါသည်။



(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၃ | ၂၃% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၄၁ | ၂၂% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကထိ(၂ဟတ်တာထိ) | ၅၈ | ၃၁% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား ( ၅ဟတ်တာထိ) | ၃၇ | ၂၀% | အလယ်အလတ်စားတောင်သူ |

| | | | | |
|---|---|---|---|---|
| ၅ | ၁၂.၅ဧကအထက် (၅ဟက်တာနှင့် အထက်) | ၉ | ၅% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၈၈ | ၁၀၀% | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ အေးရွာကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၄၃)အိမ်(၂၃)%၊ ဆင်းရဲသားတောင်သူ (၄၁)အိမ် (၂၂)%၊ တောင်သူငယ်(၅၈)အိမ်(၃၁)%၊ အလယ်အလတ်စားတောင်သူ (၃၇)အိမ်(၂၀)%၊ တောင်သူကြီး (၉)အိမ်(၅)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| ပြောင်း | ၅၀၀ | ၁၀၀ | ၈၀ | ၁၃၀ | ၁၀၅ | သင့် |
| ပဲ | ၂၀၀ | ၁၆ | ၁၀ | ၂၀ | ၁၅ | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်း နှင့် ပဲတို့ ဖြစ်ပါသည်။ အထွက်နှုန်းမှာ ပြောင်းတစ်ဧကလျှင်ပျမ်းမျှတင်း(၁၀၅)နှုန်းထွက်ရှိပြီး၊အထွက်နှုန်းကောင်းပါကတင်း(၁၃၀)အထိ ထွက်ရှိပြီး၊အထွက်နှုန်းညံ့ပါကတင်း(၈၀) သာထွက်ရှိပါသည်။ ပဲမှာလည်း တစ်ဧကလျှင် ပျမ်းမျှ(၁၅)တင်းနှုန်းထွက်ပြီး၊ အထွက်နှုန်းကောင်းပါကတင်း(၂၀)အထိထွက်ပြီး၊ အထွက်နှုန်းညံ့ပါက (၁၀)တင်းခန့်သာထွက်ပါသည်။ ပြောင်းဈေးနှင့်ပဲဈေးနှုန်းများကောင်းလျှင် စိုက်ပျိုးသော တောင်သူများ အကျိုးအမြတ်များပြီး၊ဈေးမကောင်းပါက အကျိုးအမြတ်နည်းပါသည်။ ကိုင်းသမားများမှာ ဈေးကွက် ပေါ်မူတည်နေပါကြောင်း တွေ့ရှိရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၆၄ | ၁၇၈ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | ၇ | ၉ |
| မြည်း | | |
| ဆိတ် | | |
| ဝက် | ၉ | ၁၄ |
| ကြက် | ၆၉ | ၈၁၁ |
| ဘဲ | ၆ | ၁၃ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | ၅ | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။



လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာတွင် မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းကို သီးခြားလုပ်ကိုင်သူမရှိပါ။အိမ်တွင်းတစ်နိုင်တစ်ပိုင်မွေးမြူးရေးအဖြစ်သာ လုပ်ကိုင်လျှက်ရှိပါသည်။ ကျေးရွာတွင် နွားမွေးမြူသူအိမ်ထောင်စု(၆၄)အိမ်(၃၄)%၊ မြင်းမွေးသူအိမ်ထောင်စု (၇)အိမ်ထောင်(၄)%၊ ဝက်မွေးမြူသူအိမ်ထောင်စု(၉)အိမ်(၅)%၊ ကြက်မွေးမြူသူအိမ်ထောင်စု(၆၉)အိမ်၊ (၃၇)%၊ ဘဲမွေးမြူသူအိမ်ထောင်စု(၆)အိမ်(၃)%၊ ရောဝတီမြစ်မှ ငါးဖမ်းသူ အိမ်ထောင်စု(၅)အိမ်(၃)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | ၂၅ | ၂ | **လတ်** |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | ၁ | ၁၀ | ၂ | **လတ်** |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ | ၁ | ၂ | ၁ | **လတ်** |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၄ | | **လတ်** |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ) | ၁ | ၇ | | မြင့် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁ | ၁ | ၂ | **လတ်** |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၁ | ၃ | | **လတ်** |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငေ ွေချေး ခြင်းလုပ်ငန်းအပါအဝင်ငွေကြေး | | | | |

| | | | | | |
|---|---|---|---|---|---|
| | ဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၁၃ | | မြင့် |
| ၁၃ | ကျန်းမာရေး | ၁ | ၃ | | **လတ်** |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၁ | ၁ | | **လတ်** |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ – ၆၉ ဦး | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**



**လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ(၆၉)ဦးရှိပါသည်။ ကျေးရွာတွင် ကျောင်းဆရာ/ဆရာမများ၊ သားဖွားသင်တန်းတက်ရောက်ထားသူများ၊ လူမှုရေးလုပ်ငန်းများတွင် ဆောင်းဘောက်၊ ခုံများငှားရမ်းသူ၊ သင်ဖြူး၊ ဝါး၊ ထရံ ယက်သူများ၊ ဈေးဆိုင်ငယ်များ၊ ပြောင်းစေ့ကုန်ရောင်းကုန်ဝယ်များ၊ လက်သမား၊ ပန်းရံသမားများ၊ ဆံပင်ညှပ်သူများ၊ စက်ပြင်သမားများ၊ ဘက်ထရီသွင်းခြင်းလုပ်ငန်းများ လုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။၂၃**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (**အနီးဆုံး** **တစ်ခုကိုသာ**ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (**အဓိက**တစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ဇလွန်ဈေး | ဟသ်ာတဈေး |
| **ရွာမှအကွာအဝေး (မိုင်)** | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☑ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☑ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာ၏ အနီးဆုံးဈေးမှာ ဇလွန်ဈေးဖြစ်ပြီးရွာမှ စက်လှေ၊မော်တော်များဖြင့်လာရောက်ရပါသည်။ ဟင်္သာတဈေးသို့သွားလျှင် ဇလွန်မှတစ်ဆင့် ကား၊ဆိုင်ကယ်၊ထော်လာဂျီများဖြင့် သွားရောက်ရပါသည်။



**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာလယ်လမ်း | ၁☐ ၂☐ ၃☐၄☑ ၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐ ၄☑ ၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☑ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**

**လေ့လာတွေ့ရှိချက်။ ။** ရွာလယ်လမ်းမကြီးမှာ ဝဲယာနှစ် ဖက်မှာ မြေသားလှည်းလမ်းဖြစ်ပြီး အလယ်တွင် (၅ပေခွဲ)အကျယ် ကွန်ကရစ်လမ်းအား ၂၀၁၈ခုနှစ်တွင် ကျေးရွာသူကျေးရွာသားများမှ စုပေါင်း၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် အားကြိုးမာန်တက် ခင်းကျင်းထားပါသည်။ လမ်း၏အရှည်မှာ (၁၁၀၀) ပေရှိပြီး ကွန်ကရစ်လမ်းခင်းပြီးသားမှာ (၇၀၀)ပေရှိ၍ မြေသားလမ်းအဖြစ်(၄၀၀ပေခန့်) ကျန်ရှိနေပါသည်။ အေးရွာ–ငါးအိမ်တန်းကျေးရွာချင်းဆက် လမ်းမှာ (၅၀၀၀'x ၈')ခန့်အတိုင်းအတာရှိပြီး ပေ(၃၀၀၀)မှာ ကွန်ကရစ်ဝဲယာ(၂)ပေစီမြေသား အလယ်(၂ပေ)၊ စုစုပေါင်း(၆ပေ) အကျယ်ရှိပါသည်။ ပေ(၂၀၀၀)ခန့်မှာ မြေသားလမ်းအဖြစ် ကျန်ရှိနေပြီး မိုးရာသီတွင် ၎င်းလမ်းတစ်ခုထဲမှ ဖြတ်၍ ကျေးရွာအုပ်စုကျောင်းဖြစ်သော ကူတို့ဆိပ် (အ.ထက)ကျောင်းသို့ သွားလာသော အေးရွာမှကျောင်းသား ကျောင်းသူများမှာ မြေသားလမ်းနေရာတွင်ရွှံ့ဗွက်များကြောင့် သွားလာရေးအခက်အခဲရှိပါသည်။ အေးရွာကျေးရွာတွင် ရွာတွင်းလမ်း အရှည်ပေ (၁၅၀၀)ရှိသော လှည်းလမ်းသည် ကျေးရွာသူကျေးရွာသားများ အဓိကအသုံးပြုနေသော လမ်းဖြစ်ပါသည်။၎င်းလမ်းအားတစ်နှစ် ပတ်လုံးရာသီမရွေးသွားလာမှုပြုနိုင်ရေး (၁၅၀၀'x၆'x၆") ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်လိုကြသည်။

**(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရဝေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ

**အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး  (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☑<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☑ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာမှ ဇလွန်သို့သွားလာရာတွင် မြစ်ကြောင်းမှ မော်တော်၊စက်လှေများဖြင့်သွားလာရပါသည်။ရေကြောင်းသယ်ယူပို့ဆောင်ရေးတစ်ခုထဲဖြင့်သာ သွားလာနိုင်ပြီး ကုန်းလမ်းမှသွားလာနိုင်ခြင်းမရှိပါ။အေးရွာမှ ဇလွန်မြို့သို့ အကွာအဝေးမှာ(၇)မိုင်အတွင်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**



**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၉၄ | ၁၁ | ၅၀ | ၇၄ | | | ၁ | | ၅၀ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်တည်ရှိပြီးဇလွန်မြို့သို့သွားလာရာတွင် ရေကြောင်းမှ လှေ၊သမ္ဗာန်၊စက်လှေတို့ဖြင့်သွားလာရပါသည်။ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်နီးပါး လှေများရှိပါသည်။ မိုးတွင်း ရေကြီးချိန်တွင် မိမိအိမ်ပိုင် လှေများဖြင့် ကျေးရွာအတွင်းသို့ သွားလာရပါသည်။ ဇလွန်မြို့သို့ ကိုယ်ပိုင်စက်လှေရှိသူများက စက်လှေများဖြင့်လည်း ကောင်း၊ မော်တော်ဖြင့်လည်းကောင်း ကူးသန်းသွားလာကြပါသည်။**

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၉၁ |
| အသေးစားရေအားလျှပ်စစ် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ် | ၉၇ |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာအတွင်းရှိ အိမ်ထောင်စု(၄၈)%မှာမီးရရှိရန် အတွက်ဆိုလာစနစ်ကို အသုံးပြုကြပြီး ကျန်ရှိသောအိမ်ထောင်စု(၅၁) %မှာအမျိုးအမည်ခွဲခြားဖော်ပြနိုင်ခြင်း မရှိသော အခြားပစ္စည်းများကို အသုံးပြုကြပါသည်။အေးရွာကျေးရွာသည် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ကျေးရွာဖြစ်သောကြောင့် မဟာဓါတ်အားလိုင်းမှ မီးရရှိရန် မလွယ်ကူလှကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၁၂၂ | ၄၈ | ၆၅ |

**ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာတွင် ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းများကိုအသုံးပြုပြီး သတင်းအချက်အလက်နှင့်နည်းပညာများရရှိနိုင်ရန်အတွက် ရေဒီယိုနှင့် တီဗွီများကို နားစဉ်ကြည့်ရှုကြကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၉ | ၂၂ | ၅၁ |
| အလယ်တန်း | ၂၂ | ၁၂ | ၃၄ |
| အထက်တန်း | ၇ | ၁၂ | ၁၉ |
| တက္ကသိုလ်/ကောလိပ် | ၁၀ | ၆ | ၁၆ |

**ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် “ဘုန်းကြီးကျောင်းသင်ပညာရေး” ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာ၏ ကျောင်းတက်နှုန်းမှာ** မူလတန်းကျောင်းတက်နေသော ကျောင်းသား (၂၉)ဦး၊ ကျောင်းသူ(၂၂)ဦး၊ စုစုပေါင်း(၅၁)ဦး(၁၀၀%) ရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းကို တစ်ခြားအုပ်စုအတွင်းရှိ ကျောင်းသို့ သွားရောက်ပညာသင်ယူကြပြီး အလယ်တန်း ကျောင်းသား(၂၂ဦး)၊ ကျောင်းသူ (၁၂)ဦး၊ စုစုပေါင်း(၃၄ဦး) (၆၇%)ရှိပါသည်။ အထက်တန်း

ကျောင်းသား(၇ဦး)၊ ကျောင်းသူ(၁၂ဦး)၊ စုစုပေါင်း (၁၉ဦး)ရှိ ပါသည်။ တက္ကသိုလ်/ ကောလိပ် တက်နေကြသော ကျောင်းသား(၁၀)ဦး၊ ကျောင်းသူ(၆)ဦး၊ စုစု ပေါင်း(၁၆)ဦးရှိကြောင်း တွေ့ရှိရပါသည်။



## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☑<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၂၀'x ၃၀' | | |
| **င။** အမိုး၊ နံရံ၊အခင်းအရည်အသွေး | ကောင်း☐သင့်☑ညံ့☐ | ကောင်း☐သင့်☐ညံ့☐ | ကောင်း☐သင့်☐ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **၈၂။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **၈၃။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၄ | ၅ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာ၏ အနောက်ဘက်ရွာစပ်တွင် မူလတန်းကျောင်းတည် ရှိပြီး ကျေးရွာနှင့် ကျောင်းအကွာအဝေးမှာ(၃)ဖာလုံသာကွာဝေးပါသည်။ကျောင်းသား/သူများသည် ကျောင်းသွားရာတွင်ခြေလျှင်ဖြင့်သာအဓိကထားသွားကြပြီး၊ ကျောင်း၏ စုစုပေါင်းကြမ်းခင်း ဧရိယာမှာ** (၁၂၀'x ၃၀')ရှိပြီး နံရံများကောင်းမွန်သော်လည်း အမိုးနှင့်အခင်းအရည်အသွေးမှာ ညံ့နေပါသည်။ ကျောင်းတွင်(၂)ခန်းတွဲအိမ်သာ(၂)လုံးကို စနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူကျောင်းသားများ၊ ဆရာ/ဆရာမများအတွက် လုံလောက်မှုရှိပါသည်။ ကျောင်းသုံးပရိဘောဂများမှာအသင့်အတင့် ကောင်းမွန်ပြီး၊ကျောင်းတွင်ကျောင်းသား/သူများကို အဟာရတိုက်ကျွေးမှုများလည်းရှိပါသည်။ ကျောင်းတွင် ဆရာ/မဦးရေမှာ(၅)ဦးခန့်ရှိပြီး အစိုးရခန့်များဖြစ်ကြပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ နိမ့်☑ မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ နိမ့်☑ မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ နိမ့်☑ မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |
| ၆ | တီဘီ | မြင့်☐ နိမ့်☑ မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ နိမ့်☑ မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ နိမ့်☑ မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ နိမ့်☑ မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ နိမ့်☐ မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်☐ မရှိ☑ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ သာမန်မျှသာရှိပြီး ပုံမှန်အားဖြင့်တွေ့ရှိရသော ရောဂါများမှာ ဝမ်းပျက်၊ဝမ်းလျှောရောဂါနှင့်ကလေးများတွင် သွေးလွန်တုတ်ကွေး ရောဂါတို့အဖြစ်များပြီးကျန်ရောဂါများမှာအနည်းငယ်မျှသာဖြစ်ပွားကြောင်း၊ ကျေးရွာတွင် တီဘီရောဂါဖြစ်ပွားသူ(၂)ဦး၊ ဆီးချိုရောဂါဖြစ်ပွားသူ(၂)ဦးရှိပြီး အချိန်မီဆေးဝါးကုသမှုကြောင့် အန္တရာယ်မရှိ ကြောင်း၊ အရိုးပျော့ရောဂါသည် ကျား(၁)ဦး၊ မ(၁)ဦးနှင့် စွံ့အနားမကြားသူကျား(၂)ဦးတို့ရှိ၍ ၄င်းစွံ့အနားမကြား(၂)ဦးမှာ အလုပ်လုပ်ကိုင်နိုင်ကြောင်း၊ တစ်ခြားကူးစက်နိုင်သော ရောဂါဖြစ်ပွားမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ✔ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုကို ကျေးလက်ကျန်းမာရေးဌာနခွဲမှ ရောဂါအလိုက်လစဉ်ပုံမှန်လာရောက်ထိုးပေးလျှက်ရှိပြီး အာဟာရ

မှတ်တမ်းယူမှုနှင့်အာဟာရပညာပေးအစီအစဉ်များကိုလည်းလာရောက်ပြုလုပ်လျှက်ရှိကြောင့် လေ့လာတွေ့ ရှိရပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ပိုးလောက်လန်းနှိမ်နှင်းကာကွယ်ရေးဆေးထုတ်များဖြန့် ဝေအသိပေးခြင်း၊ စာသင်ကျောင်းတွင် ကျောင်းသားကျောင်းသူများကို ပေါင်ချိန်ပေးခြင်း၊ ပိုလီယိုရောဂါ ကာကွယ်ဆေး၊ ဝက်သက်ရောဂါကာကွယ်ဆေး၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက် ရောင်ကာကွယ်ဆေးများ ထိုးနှံမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး<br>ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေး ဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။။အေးရွာကျေးရွာသည် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်အကွာအဝေးမှာ ၃မိုင်အတွင်းတည်ရှိပါသည်။ဆရာမ(၂)ဦးရှိပြီးအခန်း၊ကုတင်လုံလောက်မှုမရှိပါ။ကျေးရွာမှတိုက်နယ်ဆေးရုံသို့ ၇မိုင်ခန့်ကွာဝေး၍အခန်းကုတင်လုံလောက်မှုမှာအသင့်အတင့်ရှိပြီးမိုးရာသီတွင်သွားလာရန်မလွယ်ကူပါ။ ကျေးရွာမှမြို့နယ်ဆေးရုံသို့အကွာအဝေးမှာ၅မိုင်ခန့်ရှိပြီး အခန်းကုတင်လုံလောက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။မြစ်တစ်ဖက်ကမ်းကျေးရွာဖြစ်သောကြောင့်ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်း(သို့မဟုတ်)ကျန်းမာရေးပညာပေးနှင့်သင်တန်းများဖွင့်လှစ်ပါကအဆင်ပြေနိုင်မည်ဖြစ်ပါသည်။



**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁) သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁ | ကောင်း☐ သင့်☑ ညံ့☐ | ရာသီမရွေး |
| အဝီစိတွင်း/ စက်တပ် | ၂၀ | ကောင်း☑ သင့်☐ ညံ့☐ | ရာသီမရွေး |
| အဝီစိတွင်း/တုံကင် | ၁၁၃ | ကောင်း☑ သင့်☐ ညံ့☐ | ရာသီမရွေး |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| မြစ်/ချောင်းရေ | ၃ | ကောင်း☐ သင့်☐ ညံ့☑ | ရာသီမရွေး |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာတွင် သောက်သုံးရေရရှိမှုမှာ လုံလောက်လျှက်ရှိပြီးငင်းရေကို အဝီစိတွင်း၊စက်တပ်တွင်း၊တုံကင်တွင်းတို့မှ အဓိကရရှိပါသည်။ရေအရည်အသွေးမှာ နွေ၊မိုး၊ဆောင်း ရာသီမရွေးကောင်းမွန်၍ လုံလောက်စွာ အသုံးပြုနိုင်ပါသည်။ရေတွင်းရေကိုအသုံးပြုသူတစ်ဦးသာရှိ၍ ရေအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး လုံလောက်မှုရှိပါသည်။ကျေးရွာတွင် မြစ်ချောင်းရေကို အသုံးပြုသူ(၃)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| ရေလောင်း/ယင်လုံအိမ်သာ | ၁၇၁ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၈ |
| တွင်းမရှိ အိမ်သာ | ၃ |
| အိမ်သာမရှိ | ၆ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။အေးရွာကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာကို အသုံးပြုသောအိမ်ထောင်စု (၁၇၁)အိမ်(၉၁)%၊ မသန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲသူအိမ်ထောင်စု(၁၁)အိမ်(၆)%နှင့် ဆွေမျိုးများနှင့် ပူးတွဲသုံးစွဲသူ အိမ်သာမရှိသူအိမ်ထောင်စု (၆)အိမ်(၃)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိပါ |
| ၃ | ရေကြီးခြင်း | မြစ်ကမ်းပါးများပြိုကျခြင်းဖြစ်ပွားသည် |
| ၄ | မိုးခေါင်ခြင်း | မရှိပါ |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ |
| ၆ | မုန်တိုင်း | အိမ်ခေါင်မိုးများပျက်စီးခြင်းကြုံရပါသည် |
| ၇ | လျှော် | မရှိပါ |
| ၈ | မီးဘေး | ပေါ့ဆမီးကြောင့်နေအိမ်နှင့်ပိုင်ဆိုင်သောပစ္စည်းများဆုံးရှုံးမှုဖြစ်ဖူးပါသည် |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြေဆီလွှာများပျက်စီးမှုကြောင့်သီးနှံအထွက်လျော့ခြင်းဖြစ်ပေါ်ပါသည် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ |
| ၁၃ | တီဘီရောဂါ | မရှိပါ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိပါ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ | ရောဝတီမြစ်တစ်ဖက်ကမ်းတွင်ရှိခြင်း |

လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီးရေမြုပ်ကွင်းဒေသဖြစ်သောကြောင့်မြစ်ရေအလွန်ကြီးသောနှစ်များတွင် မြစ်ကမ်းပါးများပြိုကျ၍ နေအိမ်ငယ်များမှာ ရေမြုပ်ခြင်းအန္တရာယ်ကြုံတွေ့ရပါသည်။မိုးဦးကျကာလများတွင် မုန်တိုင်းတိုက်ခတ်ခြင်းကြောင့်နေအိမ်တချို့မှာ အမိုးများပျက်စီးချင်းအန္တရာယ်ကြုံတွေ့ရပြီး၊နွေရာသီတွင် မီးဘေးအန္တရာယ်ကိုအထူးသတိထားနေထိုင်ရပါသည်။ ပေါ့ဆမီးကြောင်း မကြာသေးမီက မီးလောင်ဖူးပါသည်။ အန္တယ်ရှိမှုအခြေနေဖြင့်မဟုတ်ပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | နုံးမြေနုများတင်ရှိသောကြောင့်မြေဆီမြေသြဇာကောင်းမွန်ပါသည်။ |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | နိမ့် | စွန့်ပြစ်ရေဆိုးရေလွှတ်မြောင်းများမရှိခြင်းကြောင့် ဖြစ်ပါသည်။ |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာသည် ရေမြုပ်ကွင်းဖြစ်ခြင်းကြောင့်မြစ်ရေကြီးချိန်တွင်နုံးမြေနုများတင်ပြီး၊မြေဆီသြဇာပျက်စီးခြင်းမရှိပါ။အခြားအပင်မျိုးစိတ်များထူးထူးခြားခြားမရှိပါ၊ မြစ်ထဲသို့စွန့်ပြစ်ရေဆိုးရေလွှတ်မြောင်းများမရှိခြင်းကြောင့်ရေအရင်းအမြစ်ကောင်းမွန်ပါသည်။ ကျေးရွာတွင် ငါးနှင့်အခြားတိရိစ္ဆာန်မျိုးကွဲများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၁၀) ကျား - မ ရေးရာ**

ဇယား (၂၅) ကျား - မ ရေးရာ

| စဉ် | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။အေးရွာကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိဘဲ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အခြားလူမှုအဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင် ဆောင်ရွက်ကြပြီး ကျား၊မခွဲခြားဆက်ဆံခြင်းမရှိ၍ အခွင့်အရေးမှာအမျိုးသားများနှင့် တန်းတူညီမျှ ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**